## Humanitarian Assistance Network for Burma (HAN-Burma)

ငလျင်ဆိုင်ရာ ထုတ်ပြန်ကြေညာချက်
မတ်လ (၃၀)ရက် ၊ ၂၀၂၅ ခုနှစ်

မတ်လ ၂၈ရက် ၊ ၂၀၂၅ ခုနှစ် မွန်းလွဲ ၁နာရီခန့်တွင် စစ်ကိုင်းမြို့အနီး ဗဟိုပြု၍ ရစ်ချ်တာ စကေး ၇.၇ ရှိသော အင်အားပြင်း ငလျင်ကြီး လှုပ်ခတ်ခဲ့သည်ကို ဝမ်းနည်းစွာ သိရှိရပါသည်။

မြန်မာနိုင်ငံရှိစစ်ကိုင်း၊မန္တလေးမြို့ကြီးများနှင့်ထိုင်းနိုင်ငံအပါအဝင်အချို့သောနိုင်ငံများတွင်ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ် ခဲ့ပြီး ပြည်သူရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရခြင်း နှင့် သေဆုံးမှုများ ရှိခဲ့သည်။

Humanitarian Assistance Network for Burma (HAN-Burma) အနေဖြင့် ငလျင်ဒဏ် ခံစားရသော မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ နှင့် အချို့သောနိုင်ငံများမှ ပြည်သူများ နှင့် အတူထပ်တူခံစားရပါကြောင်း နိုင်ငံတကာအား အသိပေးလိုပါသည်။

ငလျင်များ၏ သဘာဝအရ နောက်ဆက်တွဲငလျင်များ ဆက်လက်လှုပ်ခတ်လာနိုင်သဖြင့် ပြည်သူများ ၊လူမှုအသင်းအဖွဲ့များ အနေဖြင့် ဘေးအန္တရာယ်တုန့်ပြန်ဆောင်ရွက်နိုင်ရေး ကြိုတင် ပြင်ဆင်မှုများ ဆောင်ရွက်ထားပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကုလသမဂ္ဂ ၊ အမေရိက ၊ ဥရောပ ၊ ဂျပန်၊ အာဆီယံ နှင့် နိုင်ငံတကာ အစိုးရများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ လူထုများအနေဖြင့် သဘာဝဘေးဒဏ် ခံစားနေကြရသော ပြည်သူများအတွက် နယ်စပ်ဖြတ်ကျော် အရေးပေါ်ကူညီကယ်ဆယ်မှုများ အပါအဝင် လူသားချင်း စာနာမှုဆိုင်ရာ အရေးပေါ်ကူညီမှုများကို ထိခိုက်ခံစားနေရသော လူထုထံသို့ အမြန်ဆုံး ကူညီဆောင်ရွက်ပေးကြပါရန် လေးနက်စွာ တောင်းဆိုအပ်ပါသည်။

ထို့အပြင်အမျိုးသားညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ နှင့် လူထုအခြေပြုအဖွဲ့အစည်းများ အနေဖြင့်လည်း ငလျင်ဒဏ်သင့်ပြည်သူများအား ဝိုင်းဝန်း ကူညီကြပါရန်လည်း တိုက်တွန်းတောင်းဆိုအပ်ပါသည်။

Humanitarian Assistance Network for Burma (HAN-Burma) အနေဖြင့်လည်း နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ၊ အင်အားစုများနှင့် ဆက်စပ်ပူးပေါင်းကာ သဘာဝဘေးဒဏ် ခံစားနေကြရသော ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်ကူညီမှုများကို ထိခိုက်ခံစားနေရသော လူထုထံသို့ အမြန်ဆုံးရောက်ရှိအောင် စီစဉ်ဆောင်ရွက်သွားမည်။

Dr. Cynthia Maung
Dr. Sann Aung
Saw Win Kyaw
Saw Thar Win
Ri Ki
*signal number : +66634603347*
*webmail : Han-Burma@humanitarianassistancenetworkforburmahan-burma.org*